# ၁၉၆၀ ပြည့်နှစ်၊ ပြည်နယ်များ ရာဇဝတ်တရားဥပဒေအကျိုး သက်ရောက်ရေး အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၃။]
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ ပြည်နယ်များရာဇဝတ်တရားဥပဒေအကျိုးသက်ရောက်ရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ ရာဇသတ်ကြီးဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေတို့သည်၊ အခါအားလျော်စွာ ပြင်ဆင်ထားသည့်အတိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် အကျိုးသက်ရောက်ရမည်။

<u>ခြွင်းချက်</u> ။ ။ သို့ရာတွင် အဆိုပါဥပဒေများကို၊ ကချင်ပြည်နယ်တွင် အကျိုးသက်ရောက်စေရာ၌၊ ထိုဥပဒေများနှင့်သက်ဆိုင်သည့် ကချင်တောင်ပေါ်သားများ ရဲဂူလေးရှင်း (The Kachin Hill Tribes Regulation) ရှိ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အဆိုပါ ရဲဂူလေးရှင်းအရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများကိုလည်းကောင်း ထိခိုက်ခြင်း မရှိစေရ။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်။
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်။)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ ~တွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁)ရက်၊ စာမျက်နှာ - ၁၉၃၀။